# Assistance Association for Political Prisoners (Burma)

## နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

**P.O Box 93, Mae Sot, Tak Province 63110, Thailand**
**e.mail: info@aappb.org  website: www.aappb.org**


------------------------------------------------------------------------------------------------

## သမ္မတ ဦးသိန်းစိန်အစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်အပေါ် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) ၏ သဘောထားထုတ်ပြန်ချက်

ထုတ်ပြန်ကြေညာချက်
ရက်စွဲ ၂၀၁၂ ခုနှစ် ဇန္နဝါရီလ ၁၄ ရက်

သမ္မတဦးသိန်းစိန်အစိုးရသည် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် အကျဉ်းသား၊ အကျဉ်းသူ ၆၅၁ ဦးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ (၁) အရ ဇန်နဝါရီလ ၁၃ ရက်နေ့မှ စပြီး လွတ်ငြိမ်းချမ်းသာခွင့် ပြုလိုက်ကြောင်း ကြေညာခဲ့သည်။ ထိုကြေညာချက်အရ လွတ်မြောက်လာသည့် အကျဉ်းသားများထဲတွင် ပါဝင်သည့် နိုင်ငံရေးအကျဉ်းသား အရေအတွက်မှာ ဇန္နဝါရီလ ၁၄ ရက် နံနက် အထိ အေအေပီပီမှ စုဆောင်း ရရှိထားသလောက် ၂၇၂ ဦးရှိပြီဖြစ်သည်။

လွတ်မြောက်လာသူများထဲတွင် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင် အချို့နှင့် အထင်ကရ နိုင်ငံရေးအကျဉ်းသားများပါလာသည်ကို သိရှိရသည်။ ထို့အတွက် မိမိတို့ အေအေပီပီအနေဖြင့် သမ္မတ ဦးသိန်းစိန်အစိုးရ၏ လုပ်ဆောင်မှုအပေါ် ကြိုဆိုလိုက်ပါသည်။ သို့သော် မြန်မာအတိုက်အခံများ၊ မြန်မာပြည်သူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ တောင်းဆိုနေသော ချွင်းချက်မရှိ လွှတ်ပေးခြင်းမျိုးမဟုတ်ပဲ ၄၀၁ ပုဒ်မခွဲ (၁) ဆိုသည့် အနှောင်အဖွဲ့ဖြင့်လွှတ်ပေးခြင်း၊ နိုင်ငံရေးအကျဉ်းသား အားလုံးအား လွှတ်ပေးခြင်းမျိုးမဟုတ်ပဲ အကန့်အသတ်နှင့် လွှတ်ပေးခြင်းအပေါ် မိမိတို့အေအေပီပီ အနေဖြင့် စိတ်မသက်မသာ ဖြစ်ရပါသည်။ ထိုသို့ နောက်ကြောင်းပြန် ပြစ်ဒဏ် သက်ရောက်မှုဖြစ်စေမည့် ၄၀၁ ပုဒ်မခွဲ (၁) ကြောင့် လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများ၏ လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်ခွင့်နှင့် လူ့အခွင့်အရေးကို များစွာထိခိုက်စေမည်ဖြစ်သည်။

ထိုသို့ခွဲခြား၍ လွှတ်ပေးခြင်းသည် လွတ်မြောက်မှုမရှိဘဲ အကျဉ်းထောင်များထဲတွင် ကျန်ရှိ နေသေးသည့် ၁၀၀၀ နီးပါးအရေအတွက်ရှိသော နိုင်ငံရေးအကျဉ်းသားများအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်း ဆိုင်ရာအရ များစွာထိခိုက်စေမည် ဖြစ်သည်။ တနည်းအားဖြင့် ညှင်းပန်းနှိပ်စက်ခြင်းတမျိုးပင် ဖြစ်သည်ဟု မိမိတို့မှ ယူဆပါသည်။ တဆက်တည်းတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ အကျဉ်းကျခံနေရသူတို့ကို ချန်ပစ်ခဲ့ခြင်းမှာလည်း အမျိုးသားရင်ကြားစေ့ရေးကို များစွာထိခိုက်စေမည့် လုပ်ရပ်ပင်ဖြစ်ပါသည်။

ယနေ့နံက်တွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုမှ လွှတ်ပေးရန် ကျန်ရှိနေသည့် နိုင်ငံရေးအကျဉ်းသားဦးရေမှာ ၄၃၀ ဦးသာရှိပြီး ယခုတခေါက်တွင် ၃၀၂ ဦးလွှတ်ပေးခဲ့ပြီး ၁၂၈ မှာ ဖောက်ခွဲရေး ကဲ့သို့သော အကြမ်းဖက်မှုဆိုင်ရာ ပုဒ်မများဖြင့် တရားစွဲဆိုဖမ်းဆီးထားသဖြင့် လွှတ်ပေးနိုင်ခြင်းမရှိသေးကြောင်း ဆိုခဲ့ပါသည်။ ထိုအရေအတွက်သည် လုံးဝလက်ခံနိုင်ဖွယ်မရှိသည့် အရေအတွက်ပင်ဖြစ်ပါသည်။ လက်ရှိ အေအေပီပီ စာရင်းအရ နိုင်ငံရေးအကျဉ်းသား ၁၀၀၀ ကျော်ကျန်ရှိနေမည်ဖြစ်ပြီး ထိုအထဲမှ ၆၀၀ ကျော်မှာ ထောင်များထဲတွင် ရှိကြောင်း အတည်ပြုချက်ရထားပြီးဖြစ်ပါသည်။ ကျန်ရှိနေသူများအားလည်း ဆက်လက်အတည်ပြုနေဆဲ ဖြစ်ပါသည်။ ကွဲပြားနေသည့် ကိန်းဂဏန်းအရေအတွက်ကိစ္စနှင့်ပတ်သက်ပြီး လွတ်လပ်ပြီးအမှီအခိုကင်းသော နိုင်ငံတကာအဖွဲ့အစည်း တခုခု ဥပမာ ကုလသမဂ္ဂမှ ကမကထပြုသော အဖွဲ့တဖွဲ့ဖွဲ့မှ ဦးဆောင်ကာ ဝင်ရောက်စစ်ဆေးသင့်ကြောင်းနှင့် မိမိတို့

အေအေပီပီမှ မည်သူနှင့်မဆို ပူးပေါင်းလက်တွဲဆောင်ရွက်ရန် အဆင်သင့်ရှိကြောင်း ထပ်မံ သဘောထားထုတ်ပြန်လိုပါသည်။

ထို့ကြောင့် မိမိတို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) အနေဖြင့် ကျန်ရှိနေသေးသော နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန် သမ္မတ ဦးသိန်းစိန် အစိုးရအား အလေးအနက် တိုက်တွန်းလိုပါသည်။

နိုင်ငံရေးအကျဉ်းသားများအားလုံးကို အမြန်ဆုံးလွှတ်ပေးပြီး ၎င်းတို့၏ ရာဇဝတ်မှတ်တမ်းများကို ချေဖျက်ပစ်၍ ဒီမိုကရေစီရေး၊ အမျိုးသားရင်ကြားစေ့ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လွတ်လပ်စွာပါဝင်နိုင်မည့် အခင်းအကျင်းများကို အမြန်ဆုံး ဖန်တီးပေးရန် ထပ်မံတိုက်တွန်းလိုက်ပါသည်။

**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)**

ဆက်သွယ်ရန်
ကိုတိတ်နိုင် (အတွင်းရေးမှူး) +၆၆ (၀) ၈၁ ၂၈၇ ၈၇၅၁
ကိုဘိုကြည် (တွဲဖက်အတွင်းရေးမှူး) +၆၆ (၀) ၈၁ ၉၆၂ ၈၇၁၃

ပူးတွဲဖိုင်များ
ပုဒ်မ ၄၀၁ အမိပ္ပါယ်ဖွင့်ဆိုချက်
လွတ်မြောက်လာသောနိုင်ငံရေးအကျဉ်းသားများစာရင်း (ဇန္နဝါရီ ၁၄ နံနက် အထိ စုဆောင်းရရှိသမျှ)